# မြန်မာနိုင်ငံတွင်အားလုံးပါဝင်နိုင်သောငွေကြေးကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံ(၂၀၁၄-၂၀၂၀)
# Myanmar Financial Inclusion Roadmap (2014-2020)

၁။ မြန်မာနိုင်ငံတွင်ဒီမိုကရေစီအစိုးရတက်လာပြီး၂၀၁၁ ခုနှစ် နောက်ပိုင်းတွင်UNDP၏ ဖွံ့ဖြိုးဆဲနိုင်ငံများ ကူညီထောက်ပံ့ရေးအစီအစဉ်ကိုစတင်ခဲ့ပြီးအားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍသည် National Financial Inclusion Roadmap တိုးတက်ဖြစ်ပေါ်စေရန် အကောင်အထည် ဖော်ဆောင်ရွက်မည့် အရေးကြီးသော Agendas များမှ တစ်ခုအပါအဝင်ဖြစ်လာသည်။ Making Access to Finance Possible (MAP) အစီအစဉ်အား တောင်အာဖရိကတွင်အခြေစိုက်သည့် Fin Mark Trust နှင့် သက်ဆိုင်ရာ Stakeholder များ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအစီအစဉ်တွင် အသုံးပြုသူ ၊ ဖြန့်ဖြူးသူနှင့် ကြီးကြပ်သူဟူ၍ အပိုင်း(၃)ပိုင်းဖြင့်မြို့နယ်(၅၁) မြို့နယ်ရှိ အိမ်ထောင်စုပေါင်း(၅၁၀၀)ကို စစ်တမ်းကောက်ယူမှုပြုပြီး အုပ်စုလိုက် ဆွေးနွေးမှုနှင့် အခြားသက်ဆိုင်ရာ Stakeholder များဖြင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Financial Inclusion Roadmap မူကြမ်းရေးဆွဲရာတွင်အကြံပြုချက်များရရှိနိုင်ရန် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။အားလုံးပါဝင် ဆောင်ရွက်နိုင်သော ငွေရေးကြေးရေးကဏ္ဍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လမ်းပြမြေပုံ (၂၀၁၄-၂၀၂၀) ဖွင့်လှစ်သည့် အခမ်းအနားကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး အဆိုပါ အခမ်းအနားသို့ နယ်သာလန်နိုင်ငံမိဖုရားQueen Maxima ကိုယ်တိုင် တက်ရောက်ခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးကဏ္ဍ၊ MSME နှင့် ဝင်ငွေနည်းအိမ်ထောင်စုများသို့ ငွေကြေး ထောက်ပံ့ရေးလုပ်ငန်းစဉ်များကို အဓိက ဦးတည်ချက်ထားဆောင်ရွက်ပါသည်။

၃။ Quick Win လုပ်ငန်းစဉ် (၆)ရပ်ဖြစ်သည့် (၁) One Household One Bank Account (၂) Financial Literacy (၃) Mobile Payment and Digital Finance (၄) Donor Mobilization (၅) Low Income Segment (၆) MSME Development တို့ကို UNDP-UNCDF နှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ Financial Literacy Strategy ကို အပြီးသတ်မူကြမ်းရေးဆွဲပြီးဖြစ်ရာ ကမ္ဘာ့ဘဏ်မှ ဆောင်ရွက်လျက်ရှိသည့် Financial Capability Survey ရလဒ်များနှင့် ညှိနှိုင်း၍ အမှန်တကယ်အကောင်အထည် ဖော်နိုင်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်သွားမည်ဖြစ်ပါသည်။

၄။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဝင်ငွေနည်းပြည်သူများသာမက MSME များသို့ ငွေကြေးဝန်ဆောင်မှုပေးနိုင်ရေးအတွက် Individual Loan ထုတ်ချေးခွင့်ပြုခြင်း၊ နေအိမ် အသေးစားပြင်ဆင်မှုနှင့် တန်ဖိုးနည်း အိမ်ယာများအတွက် Housing Loan၊ Agricultural Equipment များ ဝယ်ယူရေးအတွက် Agricultural Loan (Hire Purchase)နှင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် Hole Sale Loan များထုတ်ချေးခြင်း၊ MADB မှ Seasonal Loan များအဖြစ် ချေးငွေတိုးမြှင့်ထုတ်ချေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၅။ Digital Financial Services Working Group ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဘဏ်များ၊ အခြားသက်ဆိုင်သည့်ဌာန အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၆။ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့တွင် ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်ရာ လက်ရှိအချိန်ထိ အသေးစားငွေရေးကြေးရေး လုပ်ငန်းများအတွက် ညွှန်ကြားချက်ပေါင်း(၁၅)ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ ချေးငွေပိုမိုရရှိစေခြင်းနှင့် ပတ်သက်၍ အသေးစားငွေရေးကြေးရေး ကဏ္ဍတွင်ပြည်တွင်း / ပြည်ပမှ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအား ချေးငွေ ထုတ်ချေးခွင့်ပြုထားပြီးဖြစ်ပါသည်။အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှဝင်းတို့၏ အသင်းဝင်များသို့ချေးငွေထုတ်ချေးနိုင်မှုကိုယခင်က **ကျပ်သိန်း(၅၀)ထိသာ** ခွင့်ပြုခဲ့သော်လည်း ယခုအခါတွင် **ကျပ်သိန်း(၁၀၀)ထိ တိုးမြှင့်** ထုတ်ချေးနိုင်ရန် ခွင့်ပြုခဲ့ပါသည်။

၇။ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် စည်းမျဉ်း ဥပဒေ ပြင်ဆင်မှုများကိုဆောင်ရွက်ခဲ့ပါသည်။၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီညွှန်ကြားချက် (၅)ခု ထုတ်ပြန်၍ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေကြေးခိုင်မာမှု ကြပ်မတ်ထိန်းသိမ်းခြင်း၊ ပြည်တွင်း/ ပြည်ပမှ ချေးငွေများအလွယ်တကူရရှိစေခြင်း၊ ဆန္ဒအလျောက်စုဆောင်းငွေများ ပိုမိုလက်ခံစေခြင်း၊ အသင်းဝင်များ အကာအကွယ်ပေးရေး စည်းမျဉ်းဥပဒေများ ချမှတ်ဆောင်ရွက်ခြင်း၊MSME လုပ်ငန်းများအား အထောက်အကူဖြစ်စေရန် ချေးငွေအရွယ်အစား တိုးမြှင့်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။